# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# ဘာရိပ်ဆဲလ်မြို့

## စီးပွားရေးသတင်းများ
## (ရင်းနှီးမြှုပ်နှံမှုအပါအဝင်)
## ၅/၂၀၁၅

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်။

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လိုသည့် နယ်သာလန်ကုမ္ပဏီ | ၁ |
| ၂။ | ဘယ်လ်ဂျီယံသစ်တော်သီးများအား ရုရှားနိုင်ငံသို့ တရားမဝင်တင်ပို့လျက်ရှိခြင်း | ၁ |
| ၃။ | ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သည့် International Green Week Berlin | ၂ |
| ၄။ | အိမ်ထောင်စုငွေစုဆောင်းမှုနှုန်း ကျဆင်းလာသည့် အီးယူ | ၂ |
| ၅။ | စီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံမှုနှုန်း မြင့်တက်လာသော အီးယူ | ၂ - ၃ |
| ၆။ | အိန္ဒိယနိုင်ငံမှ သရက်သီး တင်သွင်းမှုပိတ်ပင်ထားခြင်းအား ပြန်လည်ရုပ်သိမ်းမည့် အီးယူ | ၃ |

## မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လိုသည့် နယ်သာလန်ကုမ္ပဏီ

နယ်သာလန်နိုင်ငံအခြေစိုက် Global Wildlife Services bv ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ဝင်စားကြောင်း၊ ငါးပြတိုက်အပါအဝင် သတ္တဗေဒဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

## ဘယ်လ်ဂျီယံသစ်တော်သီးများအား ရုရှားနိုင်ငံသို့ တရားမဝင်တင်ပို့လျက်ရှိခြင်း

ရုရှားနိုင်ငံသည် ဘယ်လ်ဂျီယံသစ်တော်သီးများကို အဓိကဝယ်ယူလျက်ရှိသော အရေးပါသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ရုရှားနိုင်ငံက အီးယူမှ သစ်သီးများနှင့် အသားများ တင်သွင်းမှုအပေါ် ပိတ်ပင်ခဲ့မှုကြောင့် ဘယ်လ်ဂျီယံသစ်တော်သီးစိုက်တောင်သူများနှင့် ကုမ္ပဏီများမှာ ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ဘယ်လ်ဂျီယံသစ်တော်သီးများသည် ဘယ်လာရုနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံ စသည့်နိုင်ငံများရှိ မှောင်ခိုလမ်းကြောင်းများမှတစ်ဆင့် ရုရှားနိုင်ငံသို့ ဝင်ရောက်လျက်ရှိပြီး ရုရှားနိုင်ငံရှိ အရောင်းဆိုင်များတွင် ဘယ်လ်ဂျီယံသစ်တော်သီးများ ရောင်းချလျက်ရှိသည်ကို မြင်တွေ့နိုင်ကြောင်း Het Belang van Limburg တွင် ဖော်ပြထားချက်အရ သိရှိရပါသည်။

သို့ရာတွင် ဘယ်လ်ဂျီယံနိုင်ငံရှိ သစ်သီးနှင့် ဟင်းသီးဟင်းရွက်တင်ပို့သူများ၏ အဆိုအရ ဘယ်လ်ဂျီယံနိုင်ငံမှ ရုရှားနိုင်ငံသို့ တရားမဝင် ကုန်စည်များ တင်ပို့ရန်မှာ အလွန်ခက်ခဲကြောင်း၊ ရုရှားနိုင်ငံတွင် မြင်တွေ့နေရသည့် သစ်တော်သီးများသည် ဘယ်လ်ဂျီယံနိုင်ငံမှ ရုရှားနိုင်ငံသို့ တိုက်ရိုက်တင်ပို့ခဲ့သည့် သစ်တော်သီးများ မဖြစ်နိုင်ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံသည် ရုရှားနိုင်ငံသို့ သစ်တော်သီး မတင်ပို့ကြောင်း၊ သို့ရာတွင် ဘယ်လာရုနိုင်ငံ၊ ပိုလန်နိုင်ငံ၊ တူရကီနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သို့ သစ်တော်သီးများ တင်ပို့လျက်ရှိကြောင်း၊ ထို့ကြောင့် အဆိုပါနိုင်ငံများမှတစ်ဆင့် ရုရှားနိုင်ငံသို့ ဘယ်လ်ဂျီယံသစ်တော်သီးများ ဝင်ရောက်နိုင်ကြောင်း သိရှိရပါသည်။

## ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သည့် International Green Week Berlin

ကမ္ဘာ့အကြီးဆုံး အစားအစာ၊ စိုက်ပျိုးရေးနှင့် သစ်သီးဝလံပန်းမန်လုပ်ငန်းများ ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုဖြစ်သည့် International Green Week Berlin အား ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် ၁၆-၁-၂၀၁၅ ရက်မှ ၂၅-၁-၂၀၁၅ ရက်ထိ ကျင်းပခဲ့ပါသည်။ အဆိုပါကုန်စည် ပြပွဲအား ၁၉၂၆ ခုနှစ်မှစ၍ နှစ်စဉ် ဇန်နဝါရီလတွင် ကျင်းပခဲ့ရာ ယခုနှစ်တွင် ကျင်းပခဲ့သည့် ကုန်စည်ပြပွဲသည် ၈၀ ကြိမ်မြောက်ကုန်စည်ပြပွဲ ဖြစ်ပါသည်။ ၈၀ ကြိမ်မြောက် International Green Week Berlin တွင် နိုင်ငံပေါင်း ၆၈ နိုင်ငံမှ ပြခန်းပြသူအရေအတွက် ၁၆၅၈ ခန့် ရှိခဲ့ ကာ ကုန်စည်ပြပွဲသို့ တက်ရောက်လာသူစုစုပေါင်း ၄ သိန်းကျော်ခန့် ရှိခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် International Green Week Berlin အား ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၌ ဇန်နဝါရီလ ၁၅ ရက်မှ ၂၄ ရက်အထိ ပြုလုပ်ကျင်းပမည် ဖြစ်ပါသည်။ International Green Week Berlin ဆိုင်ရာအသေးစိတ်အချက်အလက်များအား http://www.gruenewoche.de/en/AboutIGWBerlin/InternationalGreenWeek/ တွင် ဖော်ပြထားပါသည်။

## အိမ်ထောင်စုငွေစုဆောင်းမှုနှုန်း ကျဆင်းလာသည့် အီးယူ

အီးယူတွင် အိမ်ထောင်စုငွေစုဆောင်းမှုနှုန်းသည် ၂၀၁၄ ခုနှစ်၊ ဒုတိယသုံးလပတ်၌ ၁၀.၅% ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်၌ ၁၀.၃% သို့ ကျဆင်းခဲ့ကြောင်း၊ ယူရို ဇုန်တွင် အိမ်ထောင်စုငွေစုဆောင်းမှုနှုန်းသည် ၂၀၁၄ ခုနှစ်၊ ဒုတိယသုံးလပတ်၌ ၁၃.၀% ရှိခဲ့ ရာမှ ၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်၌ ၁၃.၁% သို့ အနည်းငယ် မြင့်တက်ခဲ့ကြောင်း အီးယူ စာရင်းအင်းရုံးက ထုတ်ပြန်ကြေညာခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါ သည်။

## စီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံမှုနှုန်း မြင့်တက်လာသော အီးယူ

အီးယူတွင် စီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံမှုနှုန်းသည် ၂၀၁၄ ခုနှစ်၊ ဒုတိယသုံးလ ပတ်၌ ၂၁.၉% ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်၌ ၂၂.၀% သို့ မြင့်တက်ခဲ့ကြောင်း၊

ယူရိုဇုန်တွင် စီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံမှုနှုန်းသည် ၂၀၁၄ ခုနှစ်၊ ဒုတိယသုံးလပတ်၌ ၂၁.၆% ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်၌ ၂၁.၇% သို့ အနည်းငယ် မြင့်တက်ခဲ့ကြောင်း အီးယူစာရင်းအင်းရုံးက ထုတ်ပြန်ကြေညာခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**အိန္ဒိယနိုင်ငံမှ သရက်သီး တင်သွင်းမှုပိတ်ပင်ထားခြင်းအား ပြန်လည်ရုပ်သိမ်းမည့် အီးယူ**

အိန္ဒိယနိုင်ငံ၏ သရက်သီးပို့ကုန်စနစ် သိသိသာသာတိုးတက်ပြောင်းလဲနေခြင်းကြောင့် အိန္ဒိယနိုင်ငံမှ သရက်သီး တင်သွင်းမှုပိတ်ပင်ထားခြင်းအား ဖယ်ရှားရန် ဥရောပကော်မရှင် လက်အောက်ရှိ Standing Committee on Plant Health က ၂၀-၁-၂၀၁၅ ရက်တွင် မဲခွဲ၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ဥရောပကော်မရှင်အနေဖြင့် အဆိုပါဆုံးဖြတ်ချက်အား ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တရားဝင်အတည်ပြုထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံမှ အီးယူသို့ တင်သွင်းလာသည့် ကုန်စည်များတွင် ယင်ကောင်ပိုးမွှားများတွဲကပ်နေသည်ကို စစ်ဆေးတွေ့ရှိပြီးနောက် အီးယူသည် အိန္ဒိယနိုင်ငံမှ သရက်သီးအပါအဝင် ဟင်းသီးဟင်းရွက်သစ်သီးဝလံ ၅ မျိုး တင်သွင်းမှုအပေါ် ၁-၅-၂၀၁၄ ရက်နေ့မှစ၍ ယာယီပိတ်ပင်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် သရက်သီးအများဆုံး ထုတ်လုပ်လျက်ရှိသောနိုင်ငံဖြစ်ပြီး ကမ္ဘာ့သရက်သီးထုတ်လုပ်မှုစုစုပေါင်း၏ ၅၀% အား ထုတ်လုပ်လျက်ရှိပါသည်။ သရက်သီးထုတ်လုပ်လျက်ရှိသည့် အခြားသောအဓိကကမ္ဘာ့နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မက်ဆီကိုနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘရာဇီးလ်နိုင်ငံ၊ နိုက်ဂျီးရီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့ ဖြစ်ကြပါသည်။